# ဒုက္ခသည်ကမကထပြု ပံ့ပိုးမှု

အသစ်

အမေရိကန်နိုင်ငံသားစစ်စစ် အစုအဖွဲ့များသည် ကြိုဆိုရေးတပ်ဖွဲ့ (Welcome Corps Program) ဟု ခေါ်တွင်သော ကနေဒါနိုင်ငံ၏ "အဖွဲ့ဝင်5ဦးပါအဖွဲ့" အစီအစဉ်အားမှီငြမ်းထားသည့်စံနမူနာကိုအသုံးပြု၍နှစ်ပေါင်းလေးဆယ်အတွင်း ပထမဆုံးအနေဖြင့် အမေရိကန်နိုင်ငံအတွင်းရှိ ဒုက္ခသည်များကို ကိုယ်တိုင်ကိုယ်ကျ ကမကထပြု ပံ့ပိုးပေးနိုင်ပြီဖြစ်သည်။

**အောင်မြင်သည့်အထောက်အကူပေးရေးအဖွဲ့ဖွဲ့စည်းရန်အတွက်ဟီဘရူးရွှေ့ပြောင်းနေထိုင်သူအထောက်အကူပေးရေးအဖွဲ့အစည်း (Hebrew Immigrant Aid Society, HIAS) က အကြံပြုထားသည့် အချက် 5 ချက်ရှိပါသည်။**

## 1

### လမ်းကြောင်းများကို သိရှိနားလည်ပါစေ

**1.တွဲဖက်ပေးခြင်း-**အမေရိကန်အစိုးရသည်ကမကထပြုပံ့ပိုးပေးမည့် သူများအား ၎င်းတို့နှင့် သိကျွမ်းခြင်းမရှိသည့် ဒုက္ခသည်များနှင့် တွဲဖက်ပေးပါသည်။၎င်းဒုက္ခသည်များကိုကုလသမဂ္ဂဒုက္ခသည်အေဂျင်စီ က သတ်မှတ်ရွေးထုတ်ထားခြင်းဖြစ်သည်။

**2.အဆိုပြုပေးခြင်း-**ကမကထပြုပံ့ပိုးသူများက ဒုက္ခသည်များကို ရွေးချယ်သတ်မှတ်ပြီးယင်းဒုက္ခသည်များကိုအမေရိကန်ဒုက္ခသည် ဝင်ခွင့်အစီအစဉ် (U.S. Refugee Admissions Program)သို့လွှဲပြောင်းပေးခဲ့ခြင်းဖြစ်သည်။

## 2

### သင့်အဖွဲ့ဖွဲ့ပါ

**သင့်ကမကထပြုပံ့ပိုးမှုအဖွဲ့တွင်လူဦးရေအနည်းဆုံး5ဦး** ပါဝင်ရန်လိုအပ်ပါမည်။ကမကထပြုပံ့ပိုးသူများသည်အောက်ပါ အချက်များနှင့် ပြည့်စုံရန် လိုအပ်ပါမည်-

- အသက် 18 နှစ်ပြည့်ပြီးသူဖြစ်ရမည်
- နောက်ကြောင်းရာဇဝင်စစ်ဆေးမှုကို အောင်မြင်ပြီးသူဖြစ်ရမည်
- ကျင့်ဝတ်ကို လက်မှတ်ရေးထိုးရမည်
- အွန်လိုင်းမှတစ်ဆင့် သင်တန်းတက်ရောက်ရပါမည်
- ဒုက္ခသည်များနေထိုင်သည့် ဒေသတွင် နေထိုင်သူဖြစ်ရပါမည်။

## 3

### ငွေကြေးမတည်ပါ

**သင်ငွေမည်မျှလိုအပ်မည်ကို တွက်ချက်ရန်အတွက် HIAS က ကူညီပေးနိုင်ပါသည်။**

ဒုက္ခသည်တစ်ဦးချင်းကို ကမကထပြု ပံ့ပိုးရန်အတွက် $2,425မ တည်ရမည်ဟု အစိုးရက ပြဋ္ဌာန်းထားပါသည်။ သို့သော်လည်း (ဒုက္ခသည်များအတွက် အိမ်ငှားခ၊ အစားအသောက်၊ ဝန်ဆောင်ခအသုံးစရိတ်များနှင့် အခြားစရိတ်စကများ အပါအဝင်) အမှန်တကယ်ကုန်ကျစရိတ်များသည် ပြည်နယ်အလိုက် ကွဲပြားပါသည်။

## 4

### ကြိုဆိုရေးအတွက် စီစဉ်ပါ

လေဆိပ်တွင်သွားကြိုပေးခြင်း၊ဘေးကင်းလုံခြုံသည့်အိမ်ရှာပေးခြင်း၊အများပြည်သူအကျိုးခံစားခွင့်များအတွက်စာရင်းပေးသွင်းပေးခြင်း၊အလုပ်အကိုင်ရှာဖွေပေးခြင်းနှင့်အခြားကိစ္စရပ်များ ကဲ့သို့သောပြန်လည်နေရာချထားရေးဆိုင်ရာအဓိကဝန်ဆောင်မှုများအားသင့်ဘက်ကမည်သို့ပံ့ပိုးပေးသွားမည်ကိုအသေးစိတ်ဖော်ပြထားသည့်**ကြိုဆိုရေးအစီအစဉ်တစ်ရပ်ကိုသင်ရေးသားပြုစုရန် လိုအပ်ပါမည်။**

**စိတ်မပူပါနဲ့။ HIAS က ကူညီပေးနိုင်ပါတယ်။**

## 5

### HIAS နှင့် ဆွေးနွေးကြည့်ပါ

**HIASတွင်**လျှောက်လွှာတင်ခြင်းလုပ်ငန်းစဉ်တလျှောက်လုံးသင့်အား**လမ်းညွှန်ပေးပြီး**မိတ်ဖက်များနှင့်ချိတ်ဆက်ပေးကာသင့်ကမကထပြုပံ့ပိုးမှု ခရီးလမ်းတလျှောက်လုံးတွင် သင့်အား ပံ့ပိုးပေးသွားမည့် **နည်းလမ်းများ၊ ရည်ညွှန်းအချက်အလက်များနှင့် အတွေ့အကြုံများရှိနေပါသည်။**

hias.org/welcome-circles တွင် နောက်ထပ်လေ့လာပါ။

info@hias.orgသို့ အီးမေးလ်ပို့ပါ

800-HIAS-714

(800-4427-714) သို့ ခေါ်ဆိုပါ

**HIAS**

**Welcome the stranger.
Protect the refugee.**

December 2023